


မ-မ ဟုတ်ပါဘူးဦး-ကျနော်မသိပါဘူး
ဟေ့ကောင်လေး၊ လိမ်မပြောနဲ့နော်- မှန်တဲ့အတိုင်းပြောယင်သက်သာမယ် မင်းနာမယ်ဘယ်သူလဲ၊ မင်းအဖော်ဆိုတာတွေ ဘယ်မှာလဲ
အတန်တန် ငြင်း၍မရတော့သည့်အဆုံးတွင်မူ ---
ဟုတ်-ဟုတ်ပါတယ်ဦး၊ ကျနော်တို့ ရုပ်ရှင်ကြည့်စရာမရှိလို့ လုပ်မိတာပါ၊ ကျနော့်နာမယ် ဂျစ်တူးပါ၊ ကျနော့်သူငယ်ချင်းက ထွက်ပြေးသွားပြီး ပိုက်ဆံလဲ သူ့ဆီပါသွားပါတယ်
ရုပ်ရှင်ကြည့်စရာမရှိတာနဲ့ လိုမရိုးသားတဲ့နည်းနဲ့ ပိုက်ဆံရှာရလား၊ မင်းရူးသေးလေးဟာ၊ ဟော့.. အဲ့ဒါကိုအချုပ်ထဲသွင်းထားလိုက်
မင်းတို့ကကော ဘယ်ကလဲကွ၊ မင်းတို့နာမယ်တွေ ဘယ်လိုခေါ်လဲ
ကျနော်တို့ ကျောင်းသားတွေပါဦး၊ သူ ဂုဏ်ဝေါလေးလမ်းမှာ နေပါတယ်၊ ရုပ်ရှင်လာကြည့်ရင်း ခုလိုကြုံတာနဲ့ လာပို့တာပါ၊ ကျနော့်နာမယ် ခင်ဇော်... သူ့နာမယ် ဟုန်းမြင့်.. သူက မျိုးဝင်းပါ..
ရဲစခန်းမှ အထွက်တွင် ---
ကဲ-မင်းသ တောင်းစရာရှိတာသွားတောင်းလေ တော့၊ အိုလဲ ရုပ်ရှင်ကြည့်လိုက်အုံးမယ်-
သို့သော် ရုပ်ရှင်မမှီသဖြင့် လှည့်ပြန်လာကြရလေသည်။
သနားတော့ သနားပါတယ်ကွာ..ခော်..
သနားလေမဲ့ ဘယ်တတ်နိုင်မလဲကွာ၊ တရားဥပဒေကို လွန်ဖောက်ဖျက်ယင် တရားဥပဒေရဲ့ အပြစ်ဒဏ်ကို ခံရမှာဘဲလေ၊ တခါက ရှေးဆိုကလာတာ မကြားဘူးလား၊ သူ့အပြစ်နဲ့သူ ခံရမှာပါ!

